# ဒုတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး

# (၁/၂၀၁၈)

# မှတ်တမ်း

D/sixth marticar(1)

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးပေါ် အစည်းအဝေး(၁/၂၀၁၈)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) ပထမနေ့ မှတ်တမ်း | ၁ |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂ |
| (၂) | ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၃ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၄ |
| (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၅ |
| (၅) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၅ |


D/sixth marticar(2)

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ ၁၁

(၇) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားခြင်း။ ၁၅

(၈) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၁၇

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး အစားထိုးပြောင်းလဲ တာဝန်ပေးအပ်သည့် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ် လွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း။ ၁၈

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံး အဖြတ်ရယူခြင်း။ ၁၉

(၁၁) ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူမှ ကတိသစ္စာပြုခြင်း နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၂၀

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်အပန်းဖြေ စခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ (မူကြမ်း)အားရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းခြင်း။ 21

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၈) ပထမနေ့အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) ပြီးမြောက်ကြောင်း ကြေညာခြင်း။ 28

- ဆုံးဖြတ်ချက်များ။ 29



ကန့်သတ်

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)
# (ပထမနေ့)မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်**
**၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၈ ရက်**
**[တနင်္လာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)(ပထမနေ့)အစီအစဉ်ကို နံနက်(၁၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။



D/real(wide) (1



## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းနဲ့ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်တဲ့အတွက် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ လွှတ်တော် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က မိမိရဲ့ အမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခု ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ် ပေးဖို့ ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုပါသည်)**

**ဥက္ကဋ္ဌ။** ကျွန်ုပ်သည် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု

မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင် မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။ ယခု ကတိသစ္စာ ပြုပြီးတဲ့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မိမိနေရာမှာ ပြန်ယူပြီး တော့မှ ကတိသစ္စာပြုလွှာပေါ်မှာ လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ အစည်းအဝေးရပ်နားတဲ့အခါမှာ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးအဖွဲ့ရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေ(၁၄၃)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၁၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၇၉. ၀၂%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက်



D/real(wide) (2



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။

မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)အား ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြား အပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက် လာပါပြီ ရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့ အစည်းအဝေးသို့





ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးစံလွင်၊ ဟိုပုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးကျော်ဇော်၊ မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးဇော်ထွန်း၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၉) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၀) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၁) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၂) ဦးရန်ကျော်၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၃) ဦးသိန်းဇော်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၄) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၅) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၆) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၇) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကို၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၈) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

(၁၉) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာမကောင်းပါသဖြင့် ခွင့်(၁)ရက်။





မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာတဲ့ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (၁၈-၆-၂၀၁၈ ) ရက်နေ့ ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက် ။

(၂) ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၃) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က

(၂၀) ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၁) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၂) ဗိုလ်မှူးကျော်ကျော်နိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၃) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၄) ဦးစိုင်းကျော်သိန်း ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၅) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၆) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၇) ဦးစိုင်းစိန်လူ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။



D/real(wide) (5



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)သို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၈)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ချမ်းသာကိုယ်စိတ်မြဲပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။ကျွန်တော်တို့ မကြာမီက ခေါ်ယူခဲ့တဲ့ ဒသမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးပြီး ယခုလို ရက်သတ္တပတ်နှစ်ပတ်အကြာမှာ ထပ်မံပြုလုပ်တဲ့ ဒီအရေးပေါ် အစည်းအဝေးကို ပင်ပန်းကြီးစွာဖြင့်အချိန်မီ တက်ရောက်လာနိုင်ကြတဲ့အတွက်

ကိုယ်စားလှယ်များကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် တိုတောင်းလှတဲ့ အချိန်အတွင်းမှာ ကိုယ်စားလှယ်များကို ရအောင် ဖိတ်ကြားပေးတဲ့ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများနဲ့ အဆင့်ဆင့် တာဝန်ယူပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အရေးပေါ် အစည်းအဝေး ခေါ်ယူခြင်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလမှာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှာ (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လမှာ(၁)ကြိမ်နဲ့ ယခု ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ (၁)ကြိမ်၊ စုစုပေါင်း (၃)ကြိမ်ခေါ်ယူတာဖြစ်ပါတယ်။

အစားထိုးပြောင်းလဲခန့်အပ်ခြင်းခံရတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုနိုင်ရေးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် အတည်ပြုခန့်အပ်နိုင်ရေး အတွက် ဆောင်ရွက်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒီအရေးပေါ် အစည်းအဝေးကို ခေါ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၁-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၇၂၈၃ / ၅ - ၁၁၂ / အစရ(ရှမ်း) ဖြင့် ညှိနှိုင်းလာပါတယ်။ဒါကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၇၈နဲ့ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယခုလို အရေးပေါ် အစည်းအဝေးကို ခေါ်ယူရခြင်း ဖြစ်ကြောင်း ပြောကြား လိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအရေးပေါ် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းကို မဆောင်ရွက်တော့ဘဲ အစားထိုးပြောင်းလဲခန့်အပ် ခြင်းခံရတဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုခြင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်အဖြစ် ခန့်အပ်



D/real(wide) (6



(၂၈) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂၉) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃၀) ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယနေ့ခွင့်ပန်ကြားသူ (၃၀ )ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃၀ ) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

နိုင်ရေးအတွက် လွှတ်တော်ရဲ့ သဘောတူချက်ရယူဖို့ ရှိပါတယ်။ နောက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ဥပဒေကြမ်း တစ်ခုကို ရှမ်းပြည်နယ်အစိုးရက ဒီလွှတ်တော်အစည်းအဝေးမှာ တင်သွင်းဖို့ ခွင့်ပြုထားပါတယ်။

ဒသမပုံမှန်အစည်းဝေးမှာ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များထံမှ အကြံပြုချက်များကို ပေးပို့ရန် သတ်မှတ်ထားတဲ့ နောက်ဆုံးရက် မရောက်ရှိသေးတဲ့အတွက် ယင်းဥပဒေကြမ်းကိုလည်းပဲ ဒီလွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးရန် အစီအစဉ်မရှိသေးကြောင်း ပြောကြားလိုပါတယ်။

ပြည်သူလူထုအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းလာစေရေး၊ ပြည်သူလူထုအသံကို ထင်ဟပ်စေတဲ့ လွှတ်တော် ဖြစ်ရေးနှင့် ပြည်သူအားကိုးထိုက်တဲ့ ဥပဒေပြု မဏ္ဍိုင်ဖြစ်ရေးကို ဦးတည်လျက် ဥပဒေပြုရေးတာဝန်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ရမဲ့တာဝန်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံပါ ဥပဒေ ဇယား(၁)နှင့် (၂)ကို လေ့လာပါက ဇယား(၁)ပါ ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ဥပဒေ စုစုပေါင်း(၁၂၃)ခုရှိပြီး ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ ကဏ္ဍ(၈)ရပ်ရှိပြီးတော့မှ ဥပဒေ စုစုပေါင်း (၄၁)ခု ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၄၅ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဇယား(၂)ပါ နောက်ထပ်





အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ မိမိတို့ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ဟာ ဒီမိုကရေစီ ဖော်ဆောင်ရာမှာ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးမဏ္ဍိုင်များကို တတ်နိုင်သမျှ စိစစ်ထိန်းညှိကာ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်ဖြစ်စေရေး ပြည်သူလူထုအားကိုးအားထားသော လွှတ်တော်ဖြစ်စေရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)သို့ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူရတဲ့



D/real(wide) (7

အကြောင်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၄-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၀/ ၈၀၄၄/ ၂၅/ဦး(၃)ဖြင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ကြည်း-၂၃၉၁၁၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်ကို အခြားတာဝန်ပေးအပ်ရန်ရှိပါသဖြင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဆိုပါဝန်ကြီးအဖြစ် အစားထိုးခန့်အပ်နိုင်ရေး အတည်ပြု ရွေးချယ်ထားပြီးဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ အရ ဆက်လက်ဆောင်ရွက်နိုင်ပါရန် အမည်စာရင်း ပြင်ဆင်ပေးပို့လာခဲ့ပါသဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်သွားခဲ့သော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနေရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းပေးပို့လာခဲ့သော ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား အတည်ပြုခန့်အပ်နိုင်ရေးအတွက် အရေးပေါ် အစည်းအဝေးအား ခေါ်ယူပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ခြင်း အကြောင်းကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် လစ်လပ်လျက်ရှိသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ နှင့်အညီ အတည်ပြုခန့်ထားနိုင်ရေး ကျွန်တော့်အနေဖြင့် ပြည်နယ်လွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက် ရယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၈) သို့ မအားလပ်



D/real(wide) (8



ဥပဒေ(၁၄)ခုကိုလည်းပဲ ပြင်ဆင်ဖြည့်စွက်ထားရှိထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေတော်တော်များများကို ပြုစုရေးဆွဲ ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါတယ်။ ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသလို လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြင်ဆင်ဖြည့်စွက်သည့် ဥပဒေ အပါအဝင် ဇယား(၂)ပါ ဥပဒေများကို ပြဋ္ဌာန်းဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းမှာ ယနေ့အထိ မိမိတို့ အစီအစဉ်နဲ့ ဥပဒေကြမ်း တင်သွင်းနိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကိုလည်းပဲ ကျွန်တော့်အနေနဲ့ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (က)အရ ဖွဲ့စည်းထားသော လွှတ်တော်ရေးရာကော်မတီများဟာ မိမိတို့ရဲ့ ကော်မတီအလိုက် တင်ပြစာများ၊ တိုင်ကြားစာများကို မူတည်ပြီးတော့မှ ကွင်းဆင်းဆောင်ရွက်ပြီး နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြတာတွေရှိပါတယ်။ လွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းတဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးဌာနများကို အခြေခံပြီး ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် မိမိကော်မတီနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများကို လိုအပ်သလို ကူညီကြရမှာဖြစ်သလို အစိုးရအဖွဲ့အနေနဲ့လည်းပဲ ရေးရာကော်မတီရဲ့ ပူးပေါင်းပါဝင်မှုအားကို အခါအားလျော်စွာရယူပြီး ဆောင်ရွက်စေလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ယခုလွှတ်တော်အစည်းအဝေးကို မြန်မြန်ဆန်ဆန်ခေါ်ယူပြီး တစ်ဆက်တည်း ကျင်းပတဲ့ နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မပျက်မကွက် တက်ရောက်လာကြတဲ့

သည့်ကြားမှ ဝီရိယစိုက်ထုတ်ကြိုးစား အချိန်ပေး၍တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံ့တာဝန်များနဲ့ ရှမ်းပြည်နယ်ပြည်သူလူထုအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့် ဆတက်ထမ်းပိုးဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈) (ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။



D/real(wide) (9



ခန့်အပ်နိုင်ရေး ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စား ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးထံသို့ အမည်စာရင်း တင်သွင်းအပ်ပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းလာသော ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တင်သွင်းသည့် ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦး တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အား ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲခြင်းကို လွှတ်တော်က သဘောတူညီကြောင်း ကြေညာပါတယ်။

## ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူမှ ကတိသစ္စာ ပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ကတိသစ္စာ မပြုရသေးသော ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသူ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဦးက ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း အစီအစဉ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသူမှ လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် နေရာယူပေးရန် ဖြစ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါမှာ ဝန်ကြီးက မိမိ၏အမည်ကို ထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခု ခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။

**(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုပါသည်။)**

**ဥက္ကဋ္ဌ။** ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲ ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ် ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်





## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးပြောင်းလဲတာဝန် ပေးအပ်သည့် တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲခန့် အပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်း တင်သွင်း လာသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်။** ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ရန် အမည် စာရင်း အဆိုပြုတင်သွင်းခြင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ (၄-၆-၂၀၁၈) ရက်စွဲပါစာအမှတ်၊၁၀/၈၀၄၄/၂၅ / ဦး (၃)ဖြင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ကြည်း- ၂၆၇၅၉၊ ဗိုလ်မှူးကြီး လှဦးကို ခန့်အပ်နိုင်ရေး အတည်ပြုရွေးချယ်ပြီးဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ အရ ဆက်လက် ဆောင်ရွက်ပေး နိုင်ပါရန် ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ကြည်း- ၂၆၇၅၉၊ ဗိုလ်မှူးကြီး လှဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အတည်ပြု

နိုင်ငံတော်၏ တရားဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ထမ်းဆောင်ပါမည်ဟု လေးနက်တည်ကြည်စွာကြေညာ၍ ကတိသစ္စာပြုပါသည်။

**ဥက္ကဋ္ဌ။** အားလုံးထိုင်နိုင်ပါပြီ။ ကတိသစ္စာပြုလွှာ ပေါ်တွင်လက်မှတ်ရေးထိုးပြီးတဲ့အခါမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်ဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ် ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော်သို့တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)ကို ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါ တယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ (မူကြမ်း)ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြီးရင် ဒီဥပဒေ(မူကြမ်း)ပြီးတဲ့အထိ ပင်ပန်းခံပြီးတော့မှ ကြိုးစားဆောင်ရွက်ပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ အငြိမ်းစားယူသွားတဲ့ ညွှန်ကြားရေးမှူးနဲ့ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ညွှန်ကြားရေးမှူး၊ အမျိုးပြုသော ဝန်ထမ်းများ၊ အစိုးရအဖွဲ့ရုံးအဖွဲ့သားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြောကြားလိုပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၈ နောက်ဆက်တွဲ ဇယား ၂ ရဲ့ ၄(င)မှာ ညွှန်းဆိုထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်ကနေ ဒီဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အခုတင်ပြမယ့် ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန် ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း)မှာ အခန်း(၁၃)ခန်း ပါဝင်ပါတယ်။ အခန်း(၁)ကနေပြီးတော့ အခန်း(၁၃)ထိဖြစ်ပါတယ်။

အခန်း(၁)ကတော့ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဖြစ်ပြီး ပုဒ်မ ၁ နှင့် ပုဒ်မ ၂ ဆိုပြီးတော့ ပုဒ်မ ၂ ခု ပါဝင်ပါတယ်။ ပုဒ်မ ၁ မှာ ဥပဒေကြမ်း အမည်ကို ဖော်ပြပြီးတော့ ဥပဒေစတင် အာဏာ သက်ရောက်မယ့် အချိန်ကာလကို ဖော်ပြတာဖြစ်ပါတယ်။ ပုဒ်မ ၂ မှာတော့ အဓိပ္ပာယ်ဖော်ပြချက်အဖြစ် ပုဒ်မခွဲ(၂၁)ခုနဲ့ အဓိပ္ပာယ်တွေကို ဖွင့်ဆို ရှင်းလင်းထားပါတယ်။

အခန်း(၂)ကတော့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ အခန်း(၂)မှာတော့ ပုဒ်မ ၃ ဆိုပြီး ပုဒ်မ ၁ ခုသာပါဝင်ပြီးတော့ အဲ့ဒီအောက်မှာ ရည်ရွယ်ချက်ဖြင့် ပုဒ်မခွဲ(၈)ခု ဖော်ပြထားတာဖြစ်ပါတယ်။ အခန်း(၃)ကတော့ ကော်မတီဖွဲ့စည်းခြင်းဖြစ်ပြီး တော့ ပုဒ်မ ၄ ဆိုပြီး ပုဒ်မ ၁ ခုသာ ပါဝင်ပါတယ်။ ပုဒ်မ ၄ ရဲ့

အောက်မှာတော့ ကော်မတီရဲ့ ဖွဲ့စည်းပုံ ကို ပုဒ်မခွဲ(၅)ခုနဲ့ ဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

အခန်း(၄)ကတော့ ကော်မတီရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေဖြစ်ပြီးတော့ ပုဒ်မ ၅နဲ့ ပုဒ်မ ၆ ဆိုပြီးတော့ ပုဒ်မ ၂ ခုပါဝင်ပါတယ်။ ပုဒ်မ ၅ မှာတော့ ကော်မတီရဲ့ လုပ်ငန်းတာဝန်များအနေနဲ့ ပုဒ်မခွဲ(၁၃)ခု ထည့်သွင်းထားပြီး ပုဒ်မ ၆ မှာတော့ ကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေအဖြစ် ပုဒ်မခွဲ(၇)ခု ထည့်သွင်းထားပါတယ်။ အခန်း(၅)ကတော့ ကော်မတီရဲ့ ဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ဖို့အတွက် မြို့နယ်အဆင့်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် မြို့နယ်အဆင့် ကြီးကြပ်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားတာ ဖြစ်ပါတယ်။

အခန်း(၅)မှာလည်း ပုဒ်မ ၇ နဲ့ ပုဒ်မ ၈ ဆိုပြီးတော့ ပုဒ်မ ၂ ခု ပါဝင်ပါတယ်။ ပုဒ်မ ၇မှာ ပုဒ်မ ခွဲ(၅)ခု ထည့်သွင်းထားပြီးတော့ ပုဒ်မ ၈ မှာတော့ ပုဒ်မခွဲ(၈)ခု ထည့်သွင်းထားတာဖြစ်ပါတယ်။

အခန်း(၆)ကတော့ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်း ကိစ္စအကြောင်း ဖော်ပြထားပြီး၊ ကော်မတီနဲ့ ညွှန်ကြားရေးမှူးတို့ရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တွေကို ပုဒ်မ ၆ ခုနဲ့ ဖော်ပြထားပါတယ်။ ပုဒ်မ ၉၊ ၁၀၊ ၁၁ (၃)ခုကတော့ ကော်မတီရဲ့ လုပ်ငန်းစဉ်တွေကို ဖော်ပြထားခြင်းဖြစ်ပြီးတော့ ပုဒ်မ ၉ မှာ ပုဒ်မ ခွဲ(၅)ခု၊ ပုဒ်မ ၁၁မှာတော့ ပုဒ်မခွဲ(၂)ခု ထည့်သွင်းထားပါတယ်။ ပုဒ်မ ၁၂၊ ၁၃၊ ၁၄ ကတော့ ညွှန်ကြားရေးမှူးရဲ့ လုပ်ငန်းစဉ်တွေကို ဖော်ပြထားခြင်းဖြစ်ပြီးတော့ ပုဒ်မ ၁၃ မှာ ပုဒ်မခွဲ(၄)ခုပါဝင်ပါတယ်။ ဒီနေရာမှာ အထူးဖော်ပြလိုတာကတော့ အခန်း(၆) ပုဒ်မ ၁၃(ခ)နဲ့ အခန်း(၁၁) ပုဒ်မ ၂၆(ဃ)မှာ နှောင့်ယှက်ပေးခြင်းဆိုတဲ့ စကားရပ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်



D/real(wide) (1



**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် ဥပဒေ(မူကြမ်း) ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာညီညီအောင်မှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေ(မူကြမ်း) ပေါ်ပေါက်လာရေးအတွက် ၂၀၁၆ ခုနှစ်ကတည်းက စတင်ကြိုးပမ်းတာဖြစ်ပြီး၊ ဥပဒေနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနတွင် ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေမှာ ကျင့်သုံးလျက်ရှိတဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ ချိတ်ဆက်ဆောင်ရွက် ရတာဖြစ်တဲ့အတွက် အစည်းအဝေးပေါင်း (၆)ကြိမ်ခေါ်ယူပြီးတော့မှ ယခု (မူကြမ်း) ကို အချောသပ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီဥပဒေ (မူကြမ်း) ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးခဲ့ကြတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ၊ ရှမ်းပြည်နယ်ရေးရာကော်မတီများမှ ကော်မတီဝင်များ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဥပဒေပညာဌာနမှ ဌာနမှူး၊ အမှူးပြုသော ဆရာကြီး/ဆရာမကြီးများ၊ ရှမ်းပြည်နယ်ဆက်စပ်ဌာနဆိုင်ရာများမှ ပညာရှင်ဝန်ထမ်းများ၊ ပြင်ပပညာရှင်ကြီးများ၊

တို့တွေ ဆွေးနွေးစဉ်အခါမှာတော့ စာလုံးပေါင်းနဲ့ ပတ်သက်ပြီး နည်းနည်းလေး အကြိတ်အနယ်ဆွေးနွေးရတာရှိပါတယ်။ အဲ့မှာ အများရဲ့ ဆန္ဒနဲ့ **က** အသတ်နဲ့ နှောက်ယှက်နဲ့ ရေးမယ်ဆိုပြီး နှောက်ယှက်ဆိုတဲ့ဟာကို ထည့်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ ဥပဒေ(မူကြမ်း) ထဲမှာတော့ **က** အသတ်နဲ့လည်း ထည့်သွင်းပေးထားပါတယ်။ အဲ့ဒီမှာ စဉ်းစားစရာရှိတာကတော့ မြန်မာစာလုံးပေါင်း သတ်ပုံကြမ်း ထဲမှာတော့ **နှောင့်** ဆိုတဲ့ စကားလုံးကို **င သတ် အောက်ကမြစ်** နဲ့ နှောင့်ယှက်ဆိုပြီးတော့ ရေးသားထားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစားနိုင်စေဖို့ ပုဒ်မခွဲ(၂)ခုမှာ စာလုံးပေါင်း (၂)မျိုးနဲ့ ရိုက်နှိပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များထံကို ဖြန့်ဝေပေးထားပါတယ်။ သို့သော်လည်းပဲ တောင်ကြီးတက္ကသိုလ်၊ မြန်မာစာဌာနရဲ့ အကြံပြုချက်နဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကြီးရဲ့ အကြံပြုချက်အရ ဒီကနေ့ လွှတ်တော်မှာ ဥပဒေကြမ်း တင်သွင်းတဲ့အချိန်မှာတော့ မြန်မာစာလုံးပေါင်း သတ်ပုံကြမ်းနှင့်အညီ ကျွန်တော့်အနေနဲ့ **င သတ် အောက်ကမြစ်** နှောင့်ယှက်ဆိုတဲ့ စကားလုံးနဲ့ပဲ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အခန်း(၇)ကတော့ ရှမ်းပြည်နယ်အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်၊ လုပ်ငန်းလုပ်ကိုင်ခွင့်၊ ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနဲ့ ငြင်းပယ်ခြင်းဆိုတဲ့အချက်ကို ထုတ်နုတ်ဖော်ပြတာဖြစ်ပြီးတော့ ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ဆိုပြီးတော့ ပုဒ်မ ၆ ခု ဖော်ပြထားပါတယ်။ ပုဒ်မ ၁၆ ကတော့ ပုဒ်မခွဲ(၂)ခုပါဝင်ပါတယ်။

အခန်း(၈)ကတော့ လုပ်ငန်းခွင့်ပြုမိန့် သက်တမ်း၊ လုပ်ငန်းခွင့်ပြုခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ





ဆိုလို့ရှိရင် ရှမ်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဇီဝမျိုးစုံ၊ မျိုးကွဲများထိန်းသိမ်းရေး၊ အများပြည်သူများအပန်းဖြေရေး စတဲ့ အချက်တွေကို အထောက်အကူပြုဖို့ ရှိနေပြီးတော့ အလုပ်အကိုင် အခွင့်အလမ်းတွေများစွာ ဖန်တီးပေးဖို့ရှိနေတဲ့အတွက် ပြည်နယ် အတွက်တော့ အကျိုးရှိမယ့် ဥပဒေကြမ်းတစ်ခုဖြစ်တာကြောင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကနေ ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးနိုင်ဖို့ရာအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာတင်သွင်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆(က) အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ က စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေး ရန်ရှိပါက ဆွေးနွေးမည့်အချက်များကို လွှတ်တော်ရုံးသို့ ၁၈-၇-၂၀၁၈ ရက်နေ့ အရောက်ပေးပို့ကြဖို့ အသိပေးပြောကြားလိုပါတယ်။

သတ်မှတ်ခြင်း တို့ကို ထုတ်နုတ်ဖော်ပြထားတာ ဖြစ်ပြီးတော့ ပုဒ်မ ၂၁၊ ၂၂ ဆိုပြီးတော့ ပုဒ်မ ၂ ခုပါဝင်ပါတယ်။

အခန်း(၉)ကတော့ အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမည့်တာဝန်များကို ဖော်ပြထားခြင်းဖြစ်ပြီးတော့ ပုဒ်မ ၂၃၊ ၂၄ဆိုပြီးတော့ ပုဒ်မ ၂ ခုပါဝင်ပါတယ်။ ပုဒ်မ ၂၄ မှာတော့ ခွင့်ပြုမိန့်ရရှိတဲ့သူ လိုက်နာဖို့ စည်းကမ်းချက်တွေကို ပုဒ်မခွဲ(၁၂)ခုနဲ့ ဖော်ပြပေးထားပါတယ်။

အခန်း(၁၀)ကတော့ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်းအကြောင်းဖြစ်ပြီးတော့ ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ ဆိုပြီးတော့ ပုဒ်မ ၈ ခု ထည့်သွင်းထားပါတယ်။ ပုဒ်မ ၂၅ မှာတော့ ပုဒ်မခွဲ(၄)ခု၊ ပုဒ်မ ၂၆ မှာ ပုဒ်မခွဲ(၅)ခု၊ ပုဒ်မ ၂၇ မှာ ပုဒ်မခွဲ (၃)ခု၊ ပုဒ်မ ၂၉ မှာ ပုဒ်မခွဲ (၂)ခု၊ ပုဒ်မ ၃၂ မှာ ပုဒ်မခွဲ (၂)ခု ဖော်ပြထားပါတယ်။

အခန်း(၁၁)ကတော့ တားမြစ်ချက်များကို ဖော်ပြထားတာဖြစ်ပြီးတော့ ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ၃၆ ဆိုပြီးတော့ ပုဒ်မ ၄ ခုပါဝင်ပါတယ်။ ပုဒ်မ ၃၃ မှာတော့ ပုဒ်မခွဲ(၂)ခု၊ ပုဒ်မ ၃၄ မှာတော့ ပုဒ်မခွဲ(၃)ခု၊ ပုဒ်မ ၃၅ မှာ ပုဒ်မခွဲ(၃)ခု ထည့်သွင်းထားပါတယ်။

အခန်း(၁၂)ကတော့ ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖော်ပြထားတာဖြစ်ပါတယ်။ အခန်း(၁၂)မှာ ပုဒ်မ ၃၇၊ ၃၈ ဆိုပြီးတော့ ပုဒ်မ(၂)ခု ဖော်ပြထားပါတယ်။

အခန်း(၁၃)ကတော့ အထွေထွေဖြစ်ပြီးတော့ ပုဒ်မ ၃၉ ကနေ ပုဒ်မ ၅၆အထိ စုစုပေါင်း ပုဒ်မ ၁၈ ခုထည့်သွင်းထားပါတယ်။

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေကြမ်းဟာ





## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)ပထမနေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၈) ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
## (ခရစ်သက္ကရာဇ် ၂၀၁၈ခုနှစ်၊ ဇွန် လ ၁၈ ရက်)
## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်
## အစည်းအဝေးခန်းမ၌ ကျင်းပသည့်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## အရေးပေါ်အစည်းအဝေး(၁/၂၀၁၈)

### ဆုံးဖြတ်ချက်များ

**ပထမနေ့(၁၈-၆-၂၀၁၈ ရက်)**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦး၊ တက်ရောက်သူ (၁၁၃)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၈) (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကြည်း-၂၆၇၅၉၊ ဗိုလ်မှူးကြီးလှဦးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်သွင်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

(ပုံ) စိုင်းလုံးဆိုင်

ဥက္ကဋ္ဌ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၈ ရက်